စိုးမိုးစာပေ

# ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)

# ငယ်ရွယ်သူလေးရဲ့ ကောက်ကြောင်း



design : bo bo htoon

"ငယ်ရွယ်သူလေး"က လက်မှာ ပတ်ထားသောအသည်းပုံ နာရီအဖြူလေးကို ဖျတ်ခနဲ ငုံ့ကြည့် မိချိန်မှာ ...

ဟင်... ဟု မျက်လုံးလေး ပြူးဝိုင်းသွားမိသည် ။

စောစောတုန်းကဖြင့် စိတ်အေးလက်အေး လျှောက်ကြည့်နေမိခဲ့တာ ... နာရီကို လုံးဝ မကြည့်မိ ပါ။

ခြောက်နာရီ ဆယ့်ငါးတောင် ရှိနေပြီ။

သည် ကနေ အိမ်ရောက်ဖို့ အထိက ဆယ်မိနစ် ဆယ့်ငါးမိနစ် လမ်းလျှောက်ရဦးမှာ ... လှေကား တက်ရဦးမှာ ။

မီပါတော့မလား။ ခုနှစ်နာရီ ပြန်ရောက်ပါ့မလား။

ခုချိန်ထိ ဘာမှ မဝယ်ရသေး။

ဟင်း... ပထမဆုံး တစ်ပိုဒ်တော့ လွတ်ပါပြီ။

ပင့်သက်ကလေး တစ်ချက်နှင့် တွေးမိ၏။

မြဝတီ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသနေသော "ဆောင်းဦးရွက်ကြွေ... ချစ်သက်သေ" ကိုရီးယား ဇာတ်လမ်းတွဲလေးက ရင်ထဲမှာ စွဲငြိနေသည် လေ။

ဇာတ်လိုက်ကောင်လေးက ဂျွန်စော။

ဇာတ်လိုက်ကောင်မလေးက အွန်စော။

ဇာတ်လိုက်ကောင်လေး၏ ညို့ဓာတ်ပါသော အကြည့်နှင့် ဇာတ်လိုက်ကောင်မလေး၏ ခံစားမှု ပျော်ဝင်သောအကြည့်က ငယ်ရွယ်သူလေးနှလုံးသားကို ဖမ်းစားထားသည် ။ တကယ်ပဲလိုလို ထင်မိ သည် ။ ရုပ်ရှင်ဇာတ်လမ်း တစ်ခုပါလားဆိုတာကို မေ့ပြီး မျောပါခံစားမိသည် အထိ။

ငယ်ရွယ်သူလေးက ဝယ်စရာရှိတာတွေ သွက်သွက်ဝယ်ဖို့ ဆုံးဖြတ်လိုက်၏။

အဆင်သင့် ချထားပေးသော လက်ဆွဲခြင်းလေး ကောက်ယူကာ ခုနတုန်းကလို စိမ်ပြေနပြေ လျှောက်မကြည့်တော့ဘဲ တစ်ခုပြီးတစ်ခု ခြင်းထဲဆွဲထည့်သည် ။

တစ်ရှူးဘူး နှစ်ဘူးရယ်…

ပရုတ်လုံးရယ်…

ဟောလစ်တစ်ပုလင်းရယ်…

မျက်နှာသုတ်ပဝါလေးတစ်ထည်ရယ်…

စီပလပ်(စ်)အအေးဘူးရယ်…

ဟိုဘက်ပြေးလိုက် သည် ဘက်ပြေးလိုက်နှင့် မြန်မြန်ဝယ်လိုက်ပြီး ငွေရှင်းကောင်တာကို ရောက် သွားမိ၏။

ပြီးမှ သတိရကာ ခြင်ဆေးဘူးတစ်ဘူး သွားပြေးယူပြီးနောက် သွားတိုက်ဆေးနှင့် ဆပ်ပြာမှုန့်က မျက်စိထဲမြင်၏။

သြော်… ဟုတ်သားပဲ၊ ဆပ်ပြာမှုန့်လည်း ကုန်နေပြီဟု တွေးမိကာ ဆွဲယူပြီး ခြင်းထဲထည့်၏။

ငွေရှင်းကောင်တာရောက်တော့  ရှေ့မှာ နှစ်ဦးသုံးဦးရှိနေ၏။ စိတ်မ

ရှည်ဘဲ တခြားငွေရှင်း ကောင်တာကို ကြည့်မိတော့လည်း ရှေ့မှာ နှစ်ဦးသုံးဦးမက ရှိနေတာပါပဲ။

ဘာမှ မထူး။ ရပ်မိသောကောင်တာမှာ ပဲ စိတ်ကိုဆွဲဆန့်လျက် မြဲမြဲစောင့်လိုက်တာကောင်းမည်။

ရှေ့က ကျော်ဖြတ်ဝင်လို့ လည်း မကောင်း။

ဟင်း... ပြန်ချင်ပါတယ်ဆိုမှ ...။

လည်ပင်းမှာ စည်းထားသော အနီရောင်ပဝါစပါးပါးလေးကို လက်နှင့်ဆုပ်ကာ မျက်နှာလေး ရှုံ့မဲ့ မိ၏။

လက်ထဲက ဆွဲခြင်းကို ငွေရှင်းကောင်တာပေါ် တင်ပေးထားပြီး ပိုက်ဆံအိတ်ကို အဆင်သင့် ဖွင့်ကာ စောင့်နေလိုက်၏။

ဂျွန်စော... အွန်စောရယ်...

ဘာဖြစ်လို့ အဲဒီလို ဖြစ်စေရတာလဲ။

သည် မှာ လောနေမိတာ ဇာတ်လမ်းကလေးနည်းနည်း လွတ်မလားဆိုပြီး...။

ပိုက်ဆံမြန်မြန်ရှင်းလိုက်ပြီး ကျွတ်ကျွတ်အိတ်နှင့်ထည့်ပေးသော ပစ္စည်းတွေ လက်နှစ်ဘက်နှင့် ဆွဲကာ ထွက်လာခဲ့၏။

မေမေလည်း ပြန်ရောက်ဦးမည်မထင်။

လမ်းလျှောက်လာရင်း တွေးမိ၏။

မေမေ့ဆိုင်က ခြောက်နာရီပိတ်ပေမယ့် တစ်ခါတစ်လေလည်း ခုနှစ်နာရီ ဖြစ်ချင်ဖြစ်သွား တတ်တာ...။

မေမေကြိုက်တတ်သည့် ခေါက်ဆွဲခြောက်ထုပ်ပင် မေ့ခဲ့ပြီ။ အိမ်မှာ

သုံးလေးငါးထုပ်တော့ ရှိသေး သည် ။

နောက်ရက်မှ သတိထားဝယ်ရမည်။

ဘွတ်ရှူးဖိနပ်လေးနှင့် ငယ်ရွယ်တလွှားလွှား လျှောက်ခဲ့မိ၏။ လှေကားရောက်တော့ အရှိန်ပင်မ သတ်ဘဲ တဟုန်ထိုး ပြေးတက်လာခဲ့သည် ။ အပြင်မှာ မမှောင်တမှောင် မလင်းတလင်းမို့ လှေကားထဲ ရုတ်တရက်ဝင်လိုက်တော့ မှောင်နေပြီ၊ မျက်စိပင်ပြာချင်၏။ ယဉ်ပါးနေသော တက်နေကျလှေကားမို့လို့ သာ သည် လို ပြေးတက်လာလို့ ရတာ...။

မမှောင်တမှောင်ရှိနေတာမို့ လှေကားမီးတွေလည်း မဖွင့်ကြသေးပါ။ လှေကားတက်လာရင်း အိမ် သော့ ပိုက်ဆံအိတ်ထဲက ထုတ်ရဦးမှာ တွေးမိ၏။

လူက လောလွန်းနေတာရော...

လက်ထဲမှာ အထုပ်တွေဆွဲထားတာရော...

လှေကားက မှောင်နေတာရော...

လှေကားကွေ့တစ်ခုမှာ အင့်ကနဲ အရှိန်နှင့်တိုက်မိပြီး လူက ဖင်ထိုင်လျက်သားကျသွား၏။

"အား... လူမမြင်ဘူးလား"

တစ်ဖက်လူလည်း နောက်လန်ကျသွားတာ ဖြစ်ပေမယ့် ကိုယ်ကဦးအောင် ရန်လုပ်မိသည် ။

ဝင်တိုက်မိတာချင်း အတူတူ သူ့အရှိန်က ပိုပြင်းသလိုပါ။ ကောင်လေးတစ်ယောက်ပဲဆိုတာ လည်း သိလိုက်၏။

ယောက်ျားလေးနှင့် မိန်းကလေးဆိုတော့၊ ပြီးတော့ သူကအဆင်း ကို

ယ်ကအတက်။ ကံကောင်း တာက နှစ်ယောက်စလုံး ဆိုးဆိုးရွားရွား ဘာမှ မဖြစ်။

ငယ်ရွယ်လက်ထဲက အိတ်တစ်ခု လေ့ကားထစ်အတိုင်း လိမ့်ဆင်းကျသွားပေမယ့် ကွဲအက်သံမပါ။ ဟောလစ်ပုလင်း ဖြစ်ပုံမရ။

"ကျွတ်… ကျွတ်"

ငယ်ရွယ်က ညည်းညည်းညူညူကလေး ပြန်ထရပ်သည် ။ တစ်ဘက်လူက စောစီးစွာ မတ်တပ် ရပ်ပြီးသား။

"ခင်ဗျား နာသွားလား"

"နာတာပေါ့၊ အီစိမ့်သွားတာပဲ၊ ရှင်ကလည်း လူတစ်ယောက်လုံးတက်လာတာ မမြင်ဘူးလား"

"မမြင်ဘူး"

မာဆတ်ဆတ်အမေးလေးကို တုံးတိတိဖြေသံ ကြားရ၏။

"လေ့ကားက မှောင်နေတယ်၊ ခင်ဗျားကလည်း အလောတကြီး ဘယ်မြင်ပါ့မလဲ"

"အမယ်… ရှင်ဝင်တိုက်တာပါနော်"

ငယ်ရွယ်က တိတိကျကျ စွပ်စွဲလိုက်၏။

" မဟုတ်ဘူး "

"ဘာလို့ မဟုတ်ရမှာ လဲ"

"နှစ်ယောက်စလုံး ဝင်တိုက်မိတာပါ၊ တစ်ယောက်ကရှောင်နိုင်ခဲ့ရင် တိုက်မိမှာ မဟုတ်ဘူး "

"အငြင်းသန်တယ်"

"ဗျာ"

မပွင့်တပွင့်ပြောတာကို တစ်ဘက်လူ သေချာကြားပုံပါ။

"ယောက်ျားလေး ဖြစ်ပြီးတော့..."

"ထားပါတော့... ကျွန်တော်က ဝင်တိုက်မိတယ်ပဲ၊ ဆောရီးဗျာ... ဆောရီး မမြင်လို့ ပါ၊ ခင်ဗျား ဘာမှ မဖြစ်ဘူး မဟုတ်လား"

အလျှော့ပေးလိုက်သံနှင့် ဂရုတစိုက်မေးလာတော့လည်း ရန်မတွေ့ သာတော့ဘဲ...

"အင်း... ဘာမှ တော့မဖြစ်ဘူး"ဟု ဖြေမိ၏။

"ကျသွားတဲ့ အိတ် ကျွန်တော် ကောက်ပေးပါ့မယ်၊ ဘယ်နှစ်ထပ်လဲ ခင်ဗျားတက်နှင့်လေ"

"ငါးထပ်"

"ငယ်ရွယ်သူလေး"က ပြတ်ပြတ်ပြောပြီး တက်လာခဲ့၏။ သူဝင်တိုက်တာပဲ၊ သူကောက်ပြီးလာ ပေးပါစေဟု သဘောထားလိုက်၏။ တံခါး ဝ မ ၂၁ အိတ်တွေချကာ သော့ဖွင့်သည် ။ မှောင်နေပေမယ့် လက်နှင့်စမ်းပြီးဖွင့်ရတာ။ အိမ်ထဲရောက်တော့ လက်ထဲကအိတ်တွေ အသာချထားပြီး လေ့ကားမီးကို အ ရင်ဦးဆုံးဖွင့်လိုက်၏။

ထိုအခိုက်မှာ ပဲ...

"ဒီမှာ ရပြီ၊ ရော့"ဟု ဝင်တိုက်မိသောလူ တံခါးဝရောက်လာခဲ့၏။

မီးအလင်းရောင်မှာ တစ်ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲ မြင်လိုက်ရသည် ။

ငယ်ရွယ်သူလေးက ရုတ်တရက် ဘာပြောရမှန်းမသိအောင်ဘဲ ငေးမောသွားမိသည် ။ စိုသောအသားနှင့်ကျစ်လစ်ထွားကျိုင်းသောသဏ္ဍာန်၊ တည်ကြည်သောမျက်နှာ၊ မျက်လုံးမျက်ခုံးပေါ်ပေါ် ၊ ရှပ်အင်္ကျီအကွက်အစိတ်ကလေးနှင့် ဘောင်းဘီရှည်က အနက်ရောင်။ ချောလိုက်တာ… ကြည့်ကောင်း လိုက်တာ။ ဆံပင်တိုတိုနှင့် ပိရိသေသပ်သော နှုတ်ခမ်းတစ်စုံ။

အမှတ်တမဲ့ တိုက်ခဲ့မိသူက သည် လောက်သန့်သန့်ပြန့်ပြန့် ချောနေတော့ ငယ်ရွယ် ဘယ်လိုစကား စရမှန်းပင်မသိ။

"ကျေးဇူး"

အသံတိုးလေးနှင့်ပြောလျက် သူလှမ်းပေးနေသော အိတ်ကို ဆွဲယူလိုက်၏။

"ခင်ဗျား ဘာမှ မဖြစ်ဘူး မဟုတ်လား"

"အင်း"

ငယ်ရွယ်သူလေးက ဆတ်ကနဲ ခေါင်းညိတ်သည် ။

"ရှင်ရော"

သတိရပြီး ကမန်းကတန်းပြန်မေး၏။

"ကျွန်တော်လား"

သူက တစ်ချက်ပြုံးပြီး…

"တံတောင်ဆစ်က စပ်နေပြီ၊ ပွန်းသွားတာဖြစ်မယ်"

ဟု ဆိုလာ၏။

"ဟင်… ဟုတ်လား"

"အင်း... ဘေးနံရံနဲ့ တိုက်မိတာ ဖြစ်ပါလိမ့်မယ်"

"ဟုတ်လား"

ငယ်ရွယ်လည်း ဘာပြောရမှန်းမသိ။ ဘာလုပ်ပေးရမှန်းမသိ။ အိမ်ထခြေါ်ရခက်... မခေါ်ရခက်။

ထူပူပြီး ဘာမှ မလုပ်ပေးတတ်ပါ။

"သွားမယ်"

"ဟုတ်ကဲ့"

သူက နှုတ်ဆက်ပြီး လှည့်ထွက်၏။

ငယ်ရွယ်သူလေးက တံခါးဝမှာ ခြေစုံရပ် ကျန်ရစ်သည် ။

သူ... သည် တိုက်ကလား။

ညှော့သည် လော။

ဘာမှ မသေချာ။ သိမှ မသိဘဲ။

နှုတ်ခမ်းလေးစေ့ပြီး ပြုံးလိုက်ကာ တံခါးပိတ်မိ၏။

မျက်လုံးအိမ်မှာ သန့်သန့်ချောချော တည်တည်ကြည်ကြည် သူ့ပုံရိပ်က ထင်ဟပ်နေ၏။

ဝယ်လာသောပစ္စည်း ပစ္စယတွေကို ခုံပေါ်ပဲချထားကာ တီဗွီခိုတ်ကို ဖွင့်မိ၏။

ကြောကြောလာတုန်းပဲ ရှိသေးတာမို့ ထမင်းစားခန်းဘက် လျှောက်ခဲ့ကာ ရေခဲသေတ္တာဆွဲဖွင့်ပြီး ရေပုလင်းတစ်လုံး ထုတ်ယူလိုက်၏။

ဟောတော့...။

အနီရောင်ပါးပါးလေးပေါ်မှာ အဖြူရောင်အသည်းလေးတွေ စိပ်စိပ် ပါသော လည်စည်းပုဝါလေး မှာ လာရောက်ချိတ်တွယ်ငြိမိနေသော နေကာမျက်မှန် နက်ပြာကလေးတစ်လက်။

ငယ်ရွယ်သူလေးက ခုမှ မြင်ပေမယ့် ဟိုပုဂ္ဂိုလ်ကတော့ စောစောကတည်းက တွေ့မှာ ပါ။

တွေ့ရက်နှင့် ဘာကြောင့်ပြန်မတောင်းသလဲ။

သူ့မျက်မှန်ပဲ… သူပြန်တောင်းသင့်တာ။

သူ… မမြင်လို့ များ လား။

ဇဝေဇဝါဖြစ်သွားရင်းက လည်စည်းပုဝါအနီလေးမှာ ချိတ်မိနေသော နေကာမျက်မှန်ကလေးကို ဖြုတ်ယူလိုက်၏။

မကြုံဖူးရင်… ယုံချင်မှ ယုံလိမ့်မည်။

သို့ပေမယ့် ဒါ… တကယ်ပါ။

လူချင်း ဖြုန်းကနဲတိုက်မိစဉ် နှစ်ယောက်စလုံး နောက်လန်လဲကျစဉ် ခဏကလေးမှာ သူ့မျက်မှန် က ငယ်ရွယ်ပုဝါစကလေးကို မိမိရရ ခိုတွဲလိုက်ပါလာခဲ့သည် ။

သူမြင်ရက်သားနှင့် ပြန်တောင်းရမှာ အားနာလို့ များ လား၊ ပြောရခက်လို့ များ လား။

ငယ်ရွယ်ကလည်း နော်…

ခုနကတည်းက မြင်ဖို့ ကောင်းတာ…။

ကဲပါ… ရှိစေတော့။

ခုအချိန်လောက်ဆို သူ့မျက်မှန်ပျောက်တာ သိချင်သိလောက်ပြီ။ င

ယ်ရွယ့်ပုဝါမှာ ချိတ်ပြီး ပါလာ ခဲ့တာ သူသိပ့်ါမလား။

သိရင်တော့ ပြန်လာယူနိုင်သားပဲ။

အိမ်ကို(အခန်း)ကို သူ မှတ်မိသည် ပဲလေ။

ငယ်ရွယ်က မျက်မှန်ကိုကြည့်ပြီး စားပွဲပေါ်တင်လိုက်၏။

ဟွန်း... ရှုံးများ လိုက်တာ။

ချောပါတယ်ဆိုမှ ရှုံးကထပ်များ တော့...

ဘာကိုမှန်းမသိ မနာလိုပင် ဖြစ်မိသည် ။

ဆိုဖာမှာ ထိုင်ချလျက် ရေတစ်ခွက်မော့သောက်ရင်း သူ့ပုံစံကို ပြန်တွေးကြည့်၏။

ဆံပင်ပုံကအစ ဂရုတစိုက်နှင့် သပ်သပ်ရပ်ရပ်ထားသည် ။ သူဟာ စည်းကမ်းရှိသူတစ်ယောက် ဆိုတာ သေချာ၏။ ဘာတစ်ခုမှ ဖရိုဖရဲမရှိ။

ငယ်ရွယ်ကမှ အထုပ်အပိုးတွေ လက်နှစ်ဘက်ဆွဲ၊ ပိုက်ဆံအိတ်ကို ပခုံးမှာ လွယ်၊ လည်စည်းပုဝါ နှင့် ဖိနပ်အမြင့်နှင့် ရှုပ်ယှက်ခတ်နေတာ။

ငယ်ရွယ့်ပုံစံကို သူရယ်ချင်မှာ လား။

ကလေးတစ်ယောက်လို ပြေးလွှားတက်လာမိတာ။

ဖိနပ်သံ တဖုန်းဖုန်းကို မကြားတာအံ့ပါရဲ့ ။

ရက်ပြုံးကလေးတစ်ပွင့် မျက်နှာပေါ် ထင်ဟပ်လာခိုက်မှာ ပဲ မြဝတီ ရုပ်မြင်သံကြားက ဇာတ်လမ်းတွဲကလေး စပြီမို့ အတွေးတွေ လက်စသတ်သွား၏။

နောက်ဆုံး တွေးလိုက်မိတာက သူရော... ဘာကြောင့်များ အလော

တကြီး လှေကားက ပြေး ဆင်းရသလဲ ဆိုတာပါပဲ။

သို့ပေမယ့် ထိုအဖြေကို ငယ်ရွယ်သူလေး ဘယ်လိုလုပ် သိနိုင်မှာ လဲ နော်။

*****